Contents မာတိကာ

Introduction and aims of the book နိဒါန်းနှင့်ရည်ရွယ်ချက် 1

Animal Tales တိရစ္ဆာန်ပုံပြင်များ

Searching for a Bridegroom for Miss Mouse
မယ်ကြွက်အတွက်သတို့သားရှာပုံတော် 7
Why the Owl hides
ဇီးကွက်ဘာ့ကြောင့်ပုန်းရတာလဲ 15
How the Rabbit rescued the Elephant and
How the friendship between the Monkey and the Tiger was severed
ယုန်ကဆင်ကြီးကိုကယ်ခဲ့ပုံနဲ့ ကျားနဲ့ မျောက်တို့ မိတ်ပျက်သွားရခြင်း 25
Why the Crow looks after Cuckoo's children
ကျီးက ဥသြရဲ့ကလေးတွေကို ဘာ့ကြောင့်စောင့်ရှောက်ရတာလဲ 41

The Adventurous Tales စွန့်စားခန်းပုံပြင်များ

Master Thumb vs. the Great Mighty Sum
ငလက်မနှင့်နေမင်းကြီး 63
Maung Pauk Kyaing of Tagaung တကောင်းပြည်မှမောင်ပေါက်ကျိုင်း 77
'Kon Arpt Thar' The Hero of Hanthawaddy
ဟံသာဝတီပြည်မှလူစွမ်းကောင်း 'ကွမ်အပ်သာ' 93

General အထွေထွေပုံပြင်များ

The Old Man on the Moon လပေါ်မှာယုန်ဝပ်လို့ ဆန်ဖွပ်တဲ့အဖိုးအို 109
The Honest Woodcutter ရိုးသားသောသစ်ခုတ်သမား 113
The Lie-Detector Pincers of Bagan ပုဂံမှ -အလိမ်ဖေါ်ညှပ်ကြီး- 117

Humorous Tales ဟာသပုံပြင်များ

Master Glutton the Flute Player ပလွေဆရာမောင်စားကြူး 123
Dewor the Rider ဒေဝေါစီး 135
The Opium-smoker and four Ogres ဘိန်းစားနှင့် ဘီလူးလေးကောင် 143
The Drunkard and the Opium-smoker အမူးသမားနဲ့ဘိန်းစား 151

Introduction and aims of this book

Myanmar may belong to the countries richest in folktales, the author has encountered or known around 50 tales. Dr Htin Aung, the former rector of Yangon University, mentioned in the introduction to his book, 'Burmese Folktales,' that there are over 1000 tales only in Myanmar language. This is because Dr Htin Aung included the 550 Jataka stories from Buddhist literature. He used the term 'village story-teller' and according to him, these story tellers generally mix 550 Jatakas with ordinary folktales, resulting in a count of over 1000 tales. Considering the diversity of folktales from over 100 ethnic groups in Myanmar, the total number could well exceed 2000. Comparatively, in European culture, two books recorded in the early 19th century, one by Grimm and another by Andersen, contain around 350 tales combined. This suggests that Myanmar may be among the countries with the richest folktales.

Stories such as "The Golden Rabbit and the Golden Tiger" or "Master Thumb" were traditionally passed down by mothers, grandmothers, or aunts before bedtime, fostering a sense of cultural unity and homogeneity among older generations in Myanmar, contributing to what can be termed as national identity. These practices were prevalent in a time without TV, the Internet, Facebook, or similar modern facilities. The question arises as to whether these cultural inheritances can still be preserved in the age of modern technology. Many advanced countries address this challenge by cleverly incorporating traditional stories into TV programs for children or similar media. These adaptations, such as modern versions of Snow White or Cinderella, help maintain traditions while aligning with contemporary ideas of modern life. For example, Snow White is no longer depicted as a helpless innocent girl but as an active and self-reliant character. Similarly, in the new version of Cinderella, she is portrayed as a fashion designer who has already met the prince incidentally before the bride-selection ball.

This book adopts a similar approach by blending traditions with modern ideas, as illustrated in the story of the Mon ethnic group, 'The Hero of Hanthawaddy.' Unlike the traditional version where the hero's mother advised him 'to use tricks,' there is a subtle shift towards 'using intellect.' The emphasis on the hero winning the battle has been improved to applying his 'intellectual ability' rather than relying on physical strength. Similarly, in the story of 'Master Thumb,' there is a greater emphasis on teamwork leading to success, rather than focusing solely on the actions of Master Thumb.

The aim of the book is to record some traditional folktales in both English and Myanmar languages, targeting foreigners interested in Myanmar culture and those visiting Myanmar. Additionally, it aims to contribute to the English language skills of present-day young people of Myanmar, drawing inspiration from the success of 'Burmese Folktales' by Dr. Htin Aung in improving English language skills in the 1950s.

During the writing process of this book, references were made to 'Burmese Folktales' by Dr. Htin Aung* and 'Myanmar Yoyar Pon Pyin Myar' by Mingala Zin Aung**. However, only some stories are from these sources; most are derived from what the author was told by elders or read from other sources. Interestingly, the author found differences among stories from various sources; these variations are sometimes extensive, with only the name remaining the same while the contents are often entirely different. For example, when comparing the story of "Master Thumb" in Dr. Htin Aung's book and the one presented in this book, only the subject that Master Thumb went to fight the Sun was similar, and those accompanying Master Thumb were different, with varied abilities as presented in this book. The reasons for such vast differences probably lie in the way of transmission, as these stories in Myanmar were orally passed down from generation to generation, and the written versions appeared presumably only after the 1930s.

Since there are hundreds of folktales in the Myanmar language, as mentioned above, some selection criteria were adopted to determine which stories to include in this book. One criterion is to choose the most well-known and common tales; another is to exclude those inappropriate for young minds, and the third is to select stories suitable for illustration with pictures. Based on these criteria, the story of "The Golden Rabbit and the Golden Tiger" has been omitted, although it is one of the most common tales told in Myanmar. The author holds the opinion that the Tiger is unfairly and cruelly treated in this particular tale.

The tales in this book are grouped into four types: (1) animal tales, (2) general tales, (3) adventurous tales, and (4) entertaining humorous tales. Concerning the 'animal tales,' it is interesting that a large number of them are based on made-up explanations for natural phenomena, such as 'Why the Crow looks after the Cuckoo's children' or 'Why the Owl hides,' etc. This way of creating stories to explain natural phenomena may be identified as "the typical characteristics in Myanmar folktales". The characters assigned to animals are not always the same in all Myanmar tales. For example, in the story of 'Why the Owl hides,' the Owl is portrayed as a good-natured master painter. However, in another story

titled 'Why the Crow looks after Cuckoo's children,' the Owl is depicted as a cheater who betrayed his own friend. The Rabbit is usually assigned the character of a wise man; however, in the humorous story of "Dewor the Rider," the Rabbit is presented as unwise and also a hasty, imprudent guy. As this book targets children and young people of Myanmar, the author drew pictures using a CAD system, incorporating them at relevant points to enhance the substance of the stories.

*1.Maung Htin Aung, Burmese Folk-tales, Oxford University Press Amen House, London, First published in 1948, reprinted in 1954

**၂. မင်္ဂလာဇင်အောင်၊ မြတ်ပန်းရဂုံစာပေ၊ရန်ကုန်မြို့၊ ၂၀၀၅

နိဒါန်းနှင့်ရည်ရွယ်ချက်

မိမိတို့ မြန်မာပြည်သည် ရိုးရာပုံပြင်များနှင့်ပတ်သက်၍ အကြွယ်ဝဆုံးသော နိုင်ငံများထဲတွင် ပါဝင်နိုင်ပေမည်။ စာရေးသူကိုယ်တိုင်ပင် ဖတ်ဖူး၊ ကြားဖူးသော ပုံပြင်ပေါင်း ၅၀ ခန့်ရှိပါသည်။ ရန်ကုန်တက္ကသိုလ် ပါမောက္ခချုပ်ဟောင်း ဒေါက်တာထင်အောင်၏ Burmese Folktales စာအုပ်တွင် မြန်မာဘာသာဖြင့်ပင် ပုံပြင်ပေါင်း ၁၀၀၀ ကျော်ရှိကြောင်း နိဒါန်းတွင် ဖော်ပြခဲ့ပါသည်။ ထိုသည်မှာ ဆရာကြီးသည် ဗုဒ္ဓစာပေမှ ၅၅၀ ဇာတ်တော်များကိုပါထည့်သွင်းပေါင်းစပ်ထားသောကြောင့်ဖြစ်ပါသည်။ဆရာကြီးက' Village story teller' ကျေးလက်ဒေသပုံပြင် ဟောပြောသူ' ဟူသောဝေါဟာရကိုသုံး၍ သာမန်အားဖြင့် ထိုရိုးရာပုံပြင်ပြောသူများသည် ဇာတ်တော်များနှင့် အခြား ပုံပြင်များကို ခွဲခြားလေ့မရှိဘဲ ရောနှောလေ့ရှိသောကြောင့် ထိုပမာဏ ၁၀၀၀ ကျော် ရရှိခဲ့ခြင်း ဖြစ်ပေမည်။ ဆရာကြီး ဒေါက်တာထင်အောင်၏ ရေတွက်ပုံအရ ဘာသာရေးပုံပြင်များနှင့် တိုင်းရင်းသားလူမျိုးစုအသီးသီးတို့မှ ရိုးရာပုံပြင်များကိုပါ ထည့်သွင်းရေတွက်လျှင် တိုင်းရင်းသားပေါင်း ၁၀၀ အထက်ရှိသော မိမိတို့မြန်မာနိုင်ငံတွင် ရိုးရာပုံပြင် စုစုပေါင်းအရေအတွက်သည် ၂၀၀၀ ကျော်ရှိနိုင်ပေမည်။ အခြားနိုင်ငံများတွင်လည်း ရိုးရာပုံပြင်များရှိ ကြပါသည်။ နှိုင်းယှဉ်ကြရပါလျှင် ဥရောပယဉ်ကျေးမှုတွင်၊ ၁၉ ရာစု အစောပိုင်းတွင် စုဆောင်းမှတ်တမ်းတင်ထားခဲ့သော Grimm ၏စာအုပ်နှင့် Andersen ၏စာအုပ်နှစ်အုပ်တို့မှ ပုံပြင်များ ပေါင်းစပ်လျှင် ၃၅၀ ခန့် ဖြစ်ပါသည်။ဤအချက်သည် မြန်မာနိုင်ငံသည် ရိုးရာပုံပြင်များတွင် အကြွယ်ဝဆုံးသော နိုင်ငံများထဲတွင် ပါဝင်နိုင်သည်ကို ညွှန်ပြလျက် ရှိပါသည်။

မိမိတို့၏ပုံပြင်များဖြစ်သော 'ရွှေယုန်နှင့်ရွှေကျား'၊ 'ငလက်မ' အစရှိသော ပုံပြင်များကို အိပ်ရာမဝင်မီ အမေ၊ အဖွား၊ အဒေါ်များ ပြောကြားလာခဲ့ကြရာ မိမိတို့မြန်မာသက်ကြီးသူများအကြားတွင် တူညီချက်များရှိခဲ့ပြီး ထိုသည်တို့သည် မိမိတို့၏'အမျိုးသားရေးလက္ခဏာ' တစ်ရပ်ဟု သတ်မှတ်နိုင်ခဲ့ပါသည်။ ဤအလေ့အကျင့်များသည် တီဗွီ၊ အင်တာနက်၊ Facebook သို့မဟုတ် အလားတူပစ္စည်းများ မပေါ်ပေါက် သေးသော အချိန်များကဖြစ်ပါသည်။ ယခု ခေတ်မီနည်းပညာများ ပေါ်ပေါက်လာချိန်တွင် ဤယဉ်ကျေးမှုအမွေအနှစ်များကို ဆက်လက် ထိန်းသိမ်းနိုင်ဦးမည်လောဟု မေးခွန်းထုတ်စရာဖြစ်လာပါသည်။ ခေတ်မီနိုင်ငံအများအပြားတွင် ကလေးများအတွက် တီဗီအစီအစဉ်များ၊ သို့မဟုတ် အလားတူ မီဒီယာများတွင် ရိုးရာပုံပြင်များကို လိမ္မာပါးနပ်စွာ ထည့်သွင်းခြင်းဖြင့် ဤစိန်ခေါ်မှုကို ကိုင်တွယ်ဖြေရှင်းကြသည်။ Snow White, Cinderella အစရှိသော သူတို့သည် ခေတ်ဇာတ်လမ်းများတွင် ခေတ်မီတွေးခေါ်မှုများနှင့် ယနေ့ခေတ် လူ့ဘောင်နှင့် လိုက်လျောညီထွေစွာပြောင်းလဲကြသည်။

ဥပမာအားဖြင့်၊ Snow White သည် အပြစ်ကင်းစင်၊ အားနွဲ့သူ မိန်းကလေးမဟုတ်တော့ဘဲ တက်ကြွပြီး မိမိကိုယ်မိမိ အားကိုးနိုင်သော ဇာတ်ကောင်ဖြစ်လာသည်။ အလားတူခေတ်မီ Cinderella သည် ဖက်ရှင်ဒီဇိုင်နာတစ်ဦးဖြစ်ပြီး သတို့သမီးရွေးချယ်ပွဲမကျင်းပမီကပင် မင်းသားနှင့် အမှတ်မထင်တွေ့ဆုံခဲ့သောသူအဖြစ်ပုံဖော်ကြသည်။ထိုသို့ခေတ်အတွေးအခေါ်များနှင့်လည်း လိုက်လျောညီထွေရှိစေပြီး ပုံပြင်များမှဇာတ်ကွက်များကိုအထိုက်အလျောက်ပြင်ဆင်ခြင်းအားဖြင့်ရိုးရာအမွေအနှစ်ကိုထိန်းသိမ်းရာတွင်အထောက်အကူပြုစေသည်။

ဤစာအုပ်တွင်လည်းအထက်တွင်တင်ပြခဲ့သောနည်းကိုအသုံးပြုထားပါသည်။ မွန်တိုင်းရင်းသားတို့၏ပုံပြင်ဖြစ်သော"ဟံသာဝတီမှသူရဲကောင်းကွမ်အပ်သာ"တွင်တွေ့ရသည့်အတိုင်းခေတ်သစ်အတွေးအခေါ်များကိုရိုးရာပုံပြင်များတွင်ပေါင်းစပ်ထားပါသည်။မူလပုံပြင်တွင် သူရဲကောင်း၏မိခင်က"ပရိယာယ်သုံး၍တိုက်ရန်"ဟုအမှာစကားပြောခြင်းအစား' မိခင်၏အကြံပေးချက်မှာ "ဉာဏ်ပညာကိုအသုံးပြုရန်" ဟုအစားထိုးခဲ့ပါသည်။တိုက်ပွဲတွင်သူရဲကောင်းကွမ်အပ်သာသည်ယင်းထက်ကာယဗလတွင်ပိုမိုကြီးမားသောတစ်ဘက်လူကို' ဉာဏ်ပညာ'သုံး၍အောင်မြင်ခဲ့ကြောင်းဦးစားပေးဖော်ပြခဲ့ပါသည်။အလားတူပင်"ငလက်မ"ဇာတ်လမ်းတွင်၊ ယင်းတို့၏အောင်မြင်မှုသည် ငလက်မ၏ တစ်ဦးတည်းလုပ်ဆောင်ချက်ထက်ပူးပေါင်းဆောင်ရွက်မှုကြောင့်ဖြစ်သည်ကိုပိုမိုအလေးပေးထားပါသည်။

ဤစာအုပ်၏ ရည်ရွယ်ချက်တစ်ချက်သည် မြန်မာ့ရိုးရာပုံပြင်အချို့တို့ကို မြန်မာဘာသာနှင့် အင်္ဂလိပ်ဘာသာတို့ဖြင့် မှတ်တမ်းတင်ရေးသားရန် ဖြစ်ပြီး ဒုတိယရည်ရွယ်ချက်သည် မြန်မာတို့၏ယဉ်ကျေးမှုကို စိတ်ဝင်စားသော နိုင်ငံခြားသားများနှင့် မြန်မာနိုင်ငံကို လာရောက်လည်ပတ်ကြသောနိုင်ငံခြားသားများကိုမြန်မာ့ရိုးရာပုံပြင်အချို့တို့ကိုတင်ပြရန်ဖြစ်ပါသည်။ ထို့အပြင်ဒေါက်တာထင်အောင်၏ ၁၉၅၀ ခုနှစ်များတွင် ရေးသားခဲ့သော Burmese Folktales ၏အောင်မြင်မှုကို အတုယူ၍ ယနေ့ခေတ်လူငယ်များ၏ အင်္ဂလိပ်ဘာသာ စွမ်းရည်ကိုလည်းအထောက်အကူပြုနိုင်ရန်ရည်ရွယ်ပါသည်။

ယခုဤစာအုပ်ရေးစဉ်ကဒေါက်တာထင်အောင်၏ Burmese Folktales နှင့် မင်္ဂလာဇင်အောင်တို့၏ "မြန်မာ့ရိုးရာပုံပြင်များ"ခေါ် စာပေတို့ကိုကိုးကားခဲ့ပါသည်။ (၁+၂) သို့ရာတွင်၊ အချို့သောဇာတ်လမ်းများသည်သာဤစာပေများမှဖြစ်ပြီး အများစုသည် စာရေးသူအား လူကြီးများက ပြောခဲ့သောပုံပြင်များမှသော်လည်းကောင်း၊ အခြားစာပေများမှသော်လည်းကောင်းဖြစ်ပါသည်။ စိတ်ဝင်စားစရာ ကောင်းသည်မှာ အမျိုးမျိုးသော စာပေများတွင်နှင့်စာရေးသူ ကြားဖူးသောဇာတ်လမ်းများတွင် ကွဲပြားမှုများကို တွေ့ရှိရပါသည်။ ဤကွဲပြားမှုများသည်တစ်ခါတစ်ရံအကြောင်းအရာများအနည်းငယ်သာကွာခြားပြီးအချို့တို့သည်လုံးဝကွဲပြားနေသည်ကိုလည်းတွေ့ရှိရသည်။ အချို့တို့တွင်ခေါင်းစဉ်အမည်သာတူညီ၍ဇာတ်ကွက်တို့လုံးကွဲ ပြားသည်တို့လည်းရှိပါသည်။

ထိုကွဲပြားရသောအကြောင်းများမှာ ဤမျှ များပြားလှသော မြန်မာတို့၏ ဤပုံပြင်များကို မျိုးဆက်တစ်ခုမှတစ်ခုသို့ ပါးစပ်ဖြင့် သယ်ဆောင်လာခဲ့ကြပြီး ၁၉၃၀ ခုနှစ်များနောက်မှသာစာပေပေါ်တင်ခဲ့ကြသောကြောင့်ဟု ယူဆရသည်။

အထက်တွင် ဖော်ပြခဲ့သည့်အတိုင်း မြန်မာဘာသာစကားတွင်ပင် ရိုးရာပုံပြင်ပေါင်း ရာပေါင်းများစွာရှိသောကြောင့် ဤစာအုပ်တွင် မည်သည့်ပုံပြင်များ ပါဝင်ရမည်ကို ဆုံးဖြတ်ရန် ရွေးချယ်သော မူစံနှုန်းအချို့ကို ချမှတ်ခဲ့ရပါသည်။ သတ်မှတ်ချက်တစ်ခုမှာ လူသိအများဆုံး နှင့် လူကြိုက်အများဆုံး ပုံပြင်များကို ရွေးချယ်ခဲ့ပါသည်။ အခြားတစ်ချက်သည် လူငယ်တို့အတွက် စိတ်တွင် မသင့်လျော်သော ပုံပြင်များကို ဖယ်ထုတ်ခဲ့ပါသည်။ ထို့နောက် လူငယ်တို့အတွက် ဖြစ်သောကြောင့် ရုပ်ပုံများနှင့် သရုပ်ဖော်ရန် သင့်တော်သော ပုံပြင်များကို ရွေးချယ်ခဲ့ပါသည်။ အဆိုပါမူများကို အခြေခံသောကြောင့်"ရွှေယုန်နှင့်ရွှေကျား"ပုံပြင်ကို လူသိအများဆုံးပုံပြင်များထဲတွင် ပါဝင်သော်လည်း ချန်လှပ်ခဲ့ ပါသည်။ ဤဇာတ်လမ်းတွင် ရွှေကျားကို မတရားရက်စက်စွာ ဆက်ဆံသည်ဟု စာရေးသူက ယူဆပါသည်။

ဤစာအုပ်တွင် ဖော်ပြသော ပုံပြင်များကို အမျိုးအစား လေးမျိုးဖြင့် အုပ်စုခွဲထားပါသည်။ (၁) တိရစ္ဆာန်ပုံပြင်များ (၂) အထွေထွေ ပုံပြင်များ(၃) စွန့်စားခန်းပုံပြင်များနှင့် (၄)ဟာသပုံပြင်များဖြစ်ကြပါသည်။ တိရစ္ဆာန်ပုံပြင်များနှင့်ပတ်သက်၍ စိတ်ဝင်စားစရာ ကောင်းသည်မှာ သဘာဝဖြစ်စဉ်များကို တီထွင်ပေါင်းစပ်ရှင်းလင်းထားသော ပုံပြင်ပေါင်းများစွာ တွေ့ရှိရခြင်းဖြစ်ပါသည်။ ဥပမာများမှာ "ကျီးက ဥသြရဲ့ ကလေးတွေကို ဘာကြောင့် စောင့်ရှောက်ရတာလဲ"၊ "ဇီးကွက် ဘာကြောင့်ပုန်းရတာလဲ"၊ စသောပုံပြင်များဖြစ်ပါသည်။ ထိုသို့ သဘာဝဖြစ်ရပ်များကို ပုံပြင်များဖြင့် တီထွင်တင်ပြခြင်းသည် မြန်မာပုံပြင်များ၏လက္ခဏာဖြစ်သည်ဟု သတ်မှတ်ရပေမည်။ တိရစ္ဆာန်များအတွက် အမူအကျင့်တို့သည် ပုံပြင်အားလုံးတွင် အမြဲတမ်းတူညီသည်မဟုတ်ကြောင်းလည်း သတိပြုမိပါသည်။ ဥပမာအားဖြင့် "ဇီးကွက်ဘာ့ကြောင့်ပုန်းရတာလဲ"ဇာတ်လမ်းတွင်ဇီးကွက်ကို သဘောကောင်းသည့်ပန်းချီဆရာတစ်ဦးအဖြစ် ပုံဖေါ်ထားသော်လည်း"ကျီးက ဥသြရဲ့ကလေးတွေကို ဘာကြောင့် စောင့်ရှောက်ရတာလဲ" အမည်ရှိ အခြားဇာတ်လမ်းတွင်ဇီးကွက်သည်သူ၏ သူငယ်ချင်းကို သစ္စာဖောက်သည့်လိမ်လည်သူအဖြစ် ပုံဖော်ထားသည်။ ယုန်ကို ပုံပြင်များစွာတို့တွင် ပညာရှိအဖြစ် သတ်မှတ်လေ့ ရှိသော်လည်း "ဒေဝေါစီး" ဟာသပုံပြင်တွင် ယုန်သည် အလျင်စလို မိုက်မဲသောသူတစ်ဦးအဖြစ် ဖေါ်ပြထားပြန်သည်။ဤစာအုပ်သည် ကလေးများနှင့်လူငယ်များအတွက် ရည်ရွယ်သောကြောင့် စာရေးသူသည်ရုပ်ပုံများနှင့်သက်ဆိုင်ရာနေရာများတွင် တင်ပြထားပါသည်။ ရုပ်ပုံများကို CAD စနစ်ဖြင့်စာရေးသူကိုယ်တိုင်ရေးဆွဲခဲ့ပါသည်။ ကိုးကားခဲ့သော စာပေများကို အောက်တွင် ဖေါ်ပြပါသည်။

၁။ ။Maung Htin Aung, Burmese Folk-tales, Oxford University Press Amen House, London, First published in 1948, reprinted in 1954 ၂။ ။ မင်္ဂလာဇင်အောင်၊'မြန်မာ့ရိုးရာပုံပြင်များ'၊မြတ်ပန်းရဂုံစာပေ၊ရန်ကုန်မြို့၊ ၂၀၀၅